

# စောင့်ရှောက်မှု စီမံခန့်ခွဲခြင်း

## ဝန်ဆောင်မှုများကို စတင်အသုံးပြုမည့် ကာယကံရှင်များနှင့် မိသားစုဝင်များအတွက် မေးလေ့ရှိသည့် မေးခွန်းများ

### Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းဆိုတာဘာလဲ။

Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းဆိုသည်မှာ ပိုမိုများပြားသော ရွေးချယ်စရာများ၊ ပိုမိုအဆင်ပြေပြေ ပြောင်းလဲနိုင်မှုနှင့် ပိုမိုကောင်းမွန်သော ရလဒ်များကို ပံ့ပိုးပေးရန် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းသူများအတွက် ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို ကျန်းမာကြံ့ခိုင်ရေး အစီအစဉ်များတွင် ပေါင်းစပ်ထားသည့် စောင့်ရှောက်မှု ညှိနှိုင်းဆောင်ရွက်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းကို စောင့်ရှောက်မှု ညှိနှိုင်းချိတ်ဆက်ရေး အဖွဲ့အစည်းများ (CCOs) က ပံ့ပိုးဆောင်ရွက်ပေးပါသည်။

### CCO ဆိုတာ ဘာလဲ။

CCO များသည် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းသူများအတွက် ဝန်ဆောင်မှု ပံ့ပိုးသူများက ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ဤအဖွဲ့အစည်းများတွင် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုများ ပညာရပ်နယ်ပယ်၌ လေ့ကျင့်သင်ကြားထားပြီး အတွေ့အကြုံရှိသည့် စောင့်ရှောက်မှု မန်နေဂျာများကို ခန့်အပ်ထားပါသည်။

### စောင့်ရှောက်မှု မန်နေဂျာဆိုတာ ဘာလဲ။

စောင့်ရှောက်မှု မန်နေဂျာဆိုသည်မှာ သင်၏ ဘဝ အစီအစဉ်ကို သင်နှင့်အတူ ပြုလုပ်မည့် လူပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သင်၏ စောင့်ရှောက်မှု မန်နေဂျာသည် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းသူများအတွက် ရုံး (OPWDD)၊ ကျန်းမာရေးဌာနနှင့် စိတ်ကျန်းမာရေးရုံး အပါအဝင် စနစ် အသီးသီးရှိ ဝန်ဆောင်မှုများကို ကူညီ၍ ညှိနှိုင်းချိတ်ဆက်ပေးပြီး သင် လိုအပ်သည့် ဝန်ဆောင်မှု အားလုံးကို စီစဉ်ရန် နေရာတစ်ခုကို ပံ့ပိုးပေးပါသည်။

### ဘဝ အစီအစဉ်ဆိုတာ ဘာလဲ။

ဘဝ အစီအစဉ်တွင် သင့်ဘဝ ရည်မှန်းချက်ပန်းတိုင်များနှင့် ပြောင်းလဲနေသော လိုအပ်ချက်များကို ဖော်ပြထားပါသည်။ သင်၏ စောင့်ရှောက်မှု မန်နေဂျာသည် သင့်လိုလားမှုများနှင့် လိုအပ်ချက်များအပေါ် မူတည်၍ အစီအစဉ်တစ်ခုကို သင်နှင့်အတူ ပြုလုပ်ပါမည်။ သင့်ဘဝ အစီအစဉ်တွင် သင်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှုနှင့် ဆက်စပ်သည့် ပံ့ပိုးကူညီမှုများနှင့် ဆေးကုသမှုဆိုင်ရာ၊ သွားဘက်ဆိုင်ရာနှင့် စိတ်ကျန်းမာရေးကဲ့သို့ သင်၏ အခြားဝန်ဆောင်မှုများကို ညှိနှိုင်းချိတ်ဆက်ခြင်း ပါဝင်မည်ဖြစ်ပါသည်။ ၎င်းကို ပုံမှန် ပြန်လည်သုံးသပ်ပြီး လိုအပ်သလို အပ်ဒိတ်လုပ်ပါသည်။

### Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းတွင် ကျွန်ုပ် ပါဝင်ရန် လိုအပ်ပါသလား။

Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းနှင့်အတူ ပံ့ပိုးပေးမည့် ပိုမိုပြည့်စုံနှံ့စပ်သော စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းကို လက်ခံရယူလိုခြင်း မရှိပါက အခြေခံ နေအိမ်နှင့် ရပ်ရွာဒေသ အခြေပြု ဝန်ဆောင်မှုများ (HCBS) ပံ့ပိုးကူညီမှု အစီအစဉ်ကို ရွေးချယ်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အခြေခံ HCBS ပံ့ပိုးကူညီမှု အစီအစဉ်ကိုလည်း CCO က ပံ့ပိုးပေးမည်ဖြစ်သော်လည်း ၎င်းသည် အခြေခံ ဝန်ဆောင်မှု အနည်းအကျဉ်းကိုသာ ညှိနှိုင်းချိတ်ဆက်ပေးသည့်အပြင် ကျန်းမာရေး စောင့်ရှောက်မှု သို့မဟုတ် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများကိုလည်း ညှိနှိုင်းချိတ်ဆက်ပေးမည် မဟုတ်ပါ။ အခြေခံ HCBS ပံ့ပိုးကူညီမှု အစီအစဉ်ကို ရယူလျှင် သင်သည် သင်၏ ဝန်ဆောင်မှုများကို ညှိနှိုင်းချိတ်ဆက်ပေးသည့် ပုဂ္ဂိုလ်နှင့် အကန့်အသတ်ဖြင့်သာ ဆက်သွယ်တွေ့ဆုံနိုင်ပါသည်။

### ကျွန်ုပ်၏ ဝန်ဆောင်မှုများနှင့် ဝန်ဆောင်မှု ပံ့ပိုးပေးသူများကို ကိုယ်တိုင် ရွေးချယ်နိုင်မည်လား။

ဟုတ်ပါသည်၊ သင်သည် သင့်ဝန်ဆောင်မှုများနှင့် ဝန်ဆောင်မှု ပံ့ပိုးသူများကို ရွေးချယ်နိုင်ပါသည်။ CCO အတွင်း၌ သင်၏ စောင့်ရှောက်မှု မန်နေဂျာ အပါအဝင် ကျွမ်းကျင်ပညာရှင်များပါသည့် အဖွဲ့တစ်ခုက သင်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အားနည်းချို့ယွင်းချက် နှင့်/သို့မဟုတ် ရေရှည်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအပြင် သင့်လိုလားမှုများနှင့် လိုအပ်ချက်များကို အခြေခံ၍ အခြားဝန်ဆောင်မှု အမျိုးအစားများကိုလည်း ညှိနှိုင်းချိတ်ဆက်ပေးရန် သင်နှင့်လက်တွဲ ဆောင်ရွက်ပါမည်။ သင်သည် သင့်ဒေသအတွင်းရှိ CCO တစ်ခုနှင့် သင်၏ ဝန်ဆောင်မှု ပံ့ပိုးသူများကို ရွေးချယ်နိုင်ပါမည်။

### စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းကို ရယူရန် CCO တစ်ခုတွင် ဘယ်လိုစာရင်းသွင်းရမလဲ။

သင်၏ OPWDD Front Door ဆက်သွယ်ရန်ပုဂ္ဂိုလ်က သင့်ဒေသအတွင်း ရရှိနိုင်သော CCO များအကြောင်း အချက်အလက်များကို သင့်အား ပံ့ပိုးပေးပါမည်။ သင် ရွေးချယ်လိုက်သော CCO က စာရင်းသွင်းရာတွင် သင့်ကို ကူညီပေးပါမည်။ သင်သည် Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းနှင့် အခြေခံ HCBS ပံ့ပိုးကူညီမှု အစီအစဉ်နှစ်ခုအနက် တစ်ခုကို ရွေးချယ်ရန်လည်း လိုပါသည်။

### မည်သူက ကျွန်ုပ်၏ အစီအစဉ်ကို ကြည့်ရှုခွင့်ရှိပြီး ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက်များကို မည်သို့ ကာကွယ်ပေးမည်လဲ။

CCO များသည် သင့်ကို စောင့်ရှောက်မှုပေးရာတွင် ပါဝင်သည့် ဝန်ဆောင်မှု ပံ့ပိုးသူများကို ချိတ်ဆက်ထားသည့် အီလက်ထရောနစ် ကျန်းမာရေး မှတ်တမ်းစနစ်တစ်ခုကို လုပ်ဆောင်ထားရှိရန်လိုပြီး သင့်ကျန်းမာရေး အချက်အလက်များနှင့် ဘဝ အစီအစဉ်ကို သင်နှင့် သင်၏ စောင့်ရှောက်မှု အဖွဲ့တို့က ဝင်ရောက်ကြည့်ရှုခွင့် ပေးပါသည်။ CCO အားလုံးသည် သင်၏ ကိုယ်ပိုင် ကျန်းမာရေး အချက်အလက်များကို ကာကွယ်ရန် တင်းကျပ်သော လုံခြုံရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါသည်။

### CCO တစ်ခုကို ရွေးချယ်ပြီးပါက ကျွန်ုပ်၏ စိတ်ကို ပြောင်းနိုင်သလား။

သင် ရွေးချယ်လိုက်သည့် CCO က ပံ့ပိုးပေးနေသည့် စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းကို သင် စိတ်တိုင်းမကျပါက ထို CCO ရှိ အခြား စောင့်ရှောက်မှု မန်နေဂျာကို ရွေးချယ်ခြင်း နှင့်/သို့မဟုတ် သင် လက်ခံရရှိသည့် ဝန်ဆောင်မှု အဆင့်ကို ပြောင်းလဲခြင်းတို့ ပြုလုပ်နိုင်ပါသည်။ သင့်ဒေသအတွင်းရှိ အခြား CCO တစ်ခုကိုလည်း ရွေးချယ်နိုင်ပါသည်။

### CCO က ကျွန်ုပ်၏ ဝန်ဆောင်မှုများကို ပြောင်းလဲရန် သို့မဟုတ် ကျွန်ုပ်ကို ဝန်ဆောင်မှုများ လျှော့ပေးရန် ဆုံးဖြတ်လိုက်ပါက ဘာဖြစ်မှာလဲ။379>

CCO သည် ဝန်ဆောင်မှုများအတွက် လုပ်ပိုင်ခွင့်မရှိသောကြောင့် ကိုယ်တိုင်စီမံခန့်ခွဲသည့် ဝန်ဆောင်မှုများ အပါအဝင် သင့်ဝန်ဆောင်မှုများကို ဖယ်ရှားနိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်း မရှိပါ။ သင်၏ စောင့်ရှောက်မှုအဖွဲ့နှင့် တွဲဖက်၍ သင်သည် သင်၏ လိုလားမှုများနှင့် လိုအပ်ချက်များအပေါ် အခြေခံပြီး သင် လက်ခံရယူမည့် ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို ရှာဖွေရွေးချယ်မည်ဖြစ်ပါသည်။ OPWDD ဒေသန္တရရုံးများက ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို ဆက်လက်ခွင့်ပြုပေးမည် ဖြစ်ပါသည်။

### Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်းသည် Managed Care ပုံစံတစ်မျိုးလား။

Health Home Care Management ကို Managed Care နှင့် မရောထွေးသင့်ပါ။ OPWDD စနစ်တွင် Managed Care ကို စတင်စီစဉ်ရေးဆွဲရန် နှစ်အနည်းငယ်ကြာမည်ဖြစ်ပြီး နောင်အချိန်တွင် ပံ့ပိုးပေးပါမည်။

| Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်း နှင့် အခြေခံ HCBS ပံ့ပိုးကူညီမှု အစီအစဉ် | Health Home စောင့်ရှောက်မှု စီမံခန့်ခွဲခြင်း | အခြေခံ HCBS ပံ့ပိုးကူညီမှု အစီအစဉ် |
|---|---|---|
| စောင့်ရှောက်မှု အစီအစဉ် ရေးဆွဲ၍ တစ်နှစ်လျှင်နှစ်ကြိမ် ပြန်လည်သုံးသပ်သည် | ■ | ■ |
| ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို စောင့်ကြည့်ပေးသည် | ■ | ■ |
| အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ သုံးစွဲခွင့်ရရန် ညှိနှိုင်းချိတ်ဆက်ပေးသည် | ■ | |
| ဆေးကုသမှုနှင့် သွားကျန်းမာရေး ဝန်ဆောင်မှုများ သုံးစွဲခွင့်ရရန် ညှိနှိုင်းချိတ်ဆက်ပေးသည် | ■ | |
| ဒေသအခြေပြု ဝန်ဆောင်မှုများကို ဖော်ထုတ်သတ်မှတ်ပေးသည် | ■ | |
| သင့် ဝန်ဆောင်မှုများကို ချိတ်ဆက်ရန် နည်းပညာကို အသုံးပြုသည် | ■ | |
| သင်၏ စောင့်ရှောက်မှု ပံ့ပိုးသူများကို ချိတ်ဆက်ပေးသည် | ■ | |
| မိသားစုများနှင့် ကာယကံရှင်များ၏ စနစ်အသီးသီးရှိ ဝန်ဆောင်မှုများကို လေ့လာကြည့်ရှုရသည့် တာဝန်ကို လက်လွှဲယူပေးသည် | ■ | |
| အနာဂတ် လိုအပ်ချက်များကို မျှော်မှန်း၍ ကြိုတင်ပြင်ဆင်ပေးသည် | ■ | |



NEW YORK STATE OF OPPORTUNITY. Office for People With Developmental Disabilities